# နေနွယ်ရင်မြုင်

## အတ္တကိုချေဖျက်ခြင်း



# အခန်း(၁)

လျှော်ဖွပ်ပြီးသားပေမဲ့ ကိုကို့ရှပ်အင်္ကျီနှင့် တီရှပ်၊ စပို့ရှပ်တွေမှာ ကိုကို့ ကိုယ်သင်းနံ့လေးက စွဲထင်လျက်ရှိပါ၏။ သူများ တကာဆိုလျှင်တော့ ဉာဏ်ရနံ့ကလေးကို ရချင်မှ ရမည်။ စင်ကြယ် ဖွေး လက်အောင် လျှော်ထားသော ကိုကို့အင်္ကျီတွေဟာ "အကောင်းစားနံ့"ဟု "ငယ်"ကင်ပွန်းတပ်ထား သည့် သင်းရနံ့ကိုသာ ရချင်ရပါမည်။ ငယ်မို့. . . မွှေးရှိုက်လိုက်လျှင်ဖြင့် ကိုကို့ ကိုယ်သင်းနံ့လေးကိုပဲ အမြဲရတတ်ပါသည် ။

"ကိုကိုရေ . . . အဲသည် လောက်တောင် ချစ်ရသည် "

"မောင်"နေရာမှာ "ကိုကို" ဆိုတာကို ထည့်ဆိုလျက်၊ ဒီစာကြောင်းဝါကျလေးတစ်ခုကိုပဲ ထပ်တလဲလဲ ဆို ဖြစ်၏။ အဲဒါကြောင့် ကိုကို့ အဝတ်အစားတွေမို့ မီးပူတိုက်ပြီဆိုလျှင် အချိန်ကြာလေ့ ရှိတော့သည် ။ မီးပူလည်း တိုက်သည် ။ ကိုကို့ အဝတ်အထည်တွေကိုလည်း ရှိုက်မွှေးသည် ။ တစ်ကြောင်းတည်းသော သီချင်းဝါကျကိုလည်း ထပ်တလဲလဲ ဆိုသည် ။ ပြီးတော့. . . စိတ်ကူးလေး လည်း ယဉ်ရသေးသည် ။ ဘယ်မှာ . . . အချိန်မကြာဘဲ ရှိပါတော့မည်နည်း။

"အငယ်မ. . . မီးပူတိုက်တာ ကြာလှပြီ၊ မပြီးသေးဘူးလား၊ ညစာချက်ချိန်တောင် ကျော်ပြီ"

မာမီ့အသံက ဧည့်ခန်းဆီမှ ဟိန်းထွက်လာ၏။ ကိုကိုတို့ မမတို့ ညီညီတို့ က "မေမေ"ဟု ခေါ် သော ဒေါ်ခင်ခင်စိုးကို ငယ်က "မာမီ"ဟု

ခေါ်ရပါသည် ။

"မာမီလို့ ခေါ်". . . ဟု မာမီကိုယ်တိုင် သင်ပေးခဲ့တာပါ။ မာမို့ခင်ပွန်း ဦးကျော်မျိုးမင်းကို လည်း ထိုနည်းလည်းကောင်းပါ၊ ကိုကို၊ မမနှင့် ညီညီတို့ က "ဖေဖေ"ဟု ခေါ်ပေမဲ့၊ ငယ့်ကိုကျတော့ . . . ဒက်ဒီလို့ ခေါ်. . . ဟု ဆိုခဲ့တာ မာမီအမိန့်ပါ။

"ခုခေတ်မှာ နာမည်တွေများ . . . ဆန်းမှ ဆန်း၊ မှ ည့်ကြတာ ပြောပါတယ်။ လှလည်း လှ။ စိုးလည်း မှ ည့်တတ်တာပေါ့။ ဒါပေမဲ့. . . စိုးက စိုး သားသမီးတွေကို လူတကာက မထားခံရတာမျိုး ဖြစ်ချင်တာ ကိုကျော် ရဲ့ . . ."

"ဟော. . . ကိုကိုလို့ မှ ည့်လိုက်တော့၊ မမလို့ မှ ည့်လိုက်တော့၊ ကိုကျော့် အစ်ကိုကြီးရဲ့ ဇနီးက တောင် ကိုကို. . . မမပဲ ခေါ်ရတော့တယ် မဟုတ်လား"

ဒက်ဒီက ရယ်၏။ ပြောရလျှင်. . .ဤအိမ်မှာ ဒက်ဒီ သဘောအကောင်းဆုံးပါ။ အကောင်းဆုံး ဆိုလို့ ကျန်လူတွေထက် နည်းနည်းပါးပါး သာရုံဟု မဆိုလိုပါ။ ဒက်ဒီက သဘော. . . ကောင်းကို ကောင်းတာ ဖြစ်၏။ ပြီးတော့. . .ဖြောင့်မတ်သည် ။ တည်ကြည်သည် ။ ရိုးသားသည် ။ မဟုတ်တာ မမှန်တာ၊ မတရားတာ ဆိုလို့ လည်း ဘာတစ်ခုမျှမလုပ်ပါ။ ကိုယ်တိုင်လည်း မလုပ်၊ သူများ လုပ်လျှင် လည်း မကြိုက်။ လူကောင်း လူဖြောင့် ဖြစ်သည့်ပြင် တစ်အိမ်လုံးမှာ အလျှံပယ်သော စီးပွားရေးကို ခေါင်းဆောင်ရှာဖွေသူမှာ လည်း ဒက်ဒီပဲမို့၊ ဤမိသားစုမှာ ဒက်ဒီ ဩဇာ ညောင်းပါသည် ။

"ကိုကိုနဲ့ မမကတော့ ထားလိုက်ပါတော့. . . ညီညီကျတော့. . ."

"ကိုကျော်ကလည်း . . .အဲဒါကျတော့ ချစ်စနိုးလေးပေါ့၊ ကိုကိုနဲ့ မမ

ကျတော့ တလေးတစား ပေါ့။ ညီညီကျတော့ ညီညီရေ. . . ညီလေးရေ. . .နဲ့ ချစ်စနိုးလေး။ အလိုလိုက် ချော့မော့ရမယ့်ကလေး၊ သူ့ဆန္ဒအတိုင်း လုပ်ပေးရမယ့် ကလေးလေး”

“ဟား. . . ဟား”

ဒက်ဒီက လှောင်ရယ်မို့ နှစ်ခွန်းတည်းရယ်၏။

“ဒေါ်ခင်ခင်စိုးတို့ ကတော့လေ. . . သူများ မျက်ခုံးမွေးပေါ် စကြော်လျှောက်ချင်ရဲ့ ။ သူများ ရဲ့ အလိုလိုက် အချော့မော့ကျတော့လည်း ကြိုက်တတ်ရဲ့ ”

“စိုးက ပုထုဇဉ်လေ ကိုကျော်ရဲ့ ”

“ခင်ဗျားက သူများ ထက်တော့ နည်းနည်းပိုပုတာလား၊ ပိုထုတာလား၊ ပိုဇဉ်တာလား၊ တစ်ခုခုတော့ တစ်ခုခုပဲ”

မာမီ့မျက်စောင်းက ဒက်ဒီ့ပေါ်သို့ ဝဲခနဲ ကျလေ၏။ ဒက်ဒီတို့ မာမီတို့ မိသားစုမှာ သားသမီး သုံးယောက် အပါအဝင်၊ ငါးယောက်သားဟာ လုံးထွေးနေလောက်အောင်ကို စည်းရုံးချစ်ခင်ကြသူ တွေပါ။ တစ်ယောက်နှင့်တစ်ယောက် ညှာတာကြင်နာနေကြတာတွေကလည်း မြင်သူတကာ အားကျ နှစ်လိုဖွယ်။ ဒက်ဒီပြီးလျှင်တော့ ညီညီက သဘောကောင်းသည့် လူပျော်တစ်ဦးဖြစ်သည် ။ ကိုကိုက လူတည်။ မမက နည်းနည်းပါးပါး မာနကြီးချင်သည် ။ အားလုံးထဲမှာ မာနအကြီးဆုံးကတော့ မာမီပါ ပဲ။

မိသားစုထဲမှာ သာ ပြုံးချို. . .ချစ်ခင်. . . စည်းရုံးနေတတ်ပေမဲ့ ပတ်ဝန်းကျင် အသိုင်းအဝိုင်း ဆိုလျှင်တော့ ရွေးပြီးမှ ပေါင်းတတ်သည် ။ တော်ရုံတန်ရုံ အဆင့်အတန်းလောက်ဆို ပေါင်းဖို့ သင်းဖို့ “ဘက်”ဟု ပင် မထင်ချင်ပါ။ ချမ်းသာမှ ၊ ပညာတတ်မှ ၊ ရာထူးကြီးမှ . . . ပြီးတော့. . .ချောမှ

လှမှ . . . ဆိုတာကလည်း ပါသေးသည် ။

"ကွယ်. . . ဘယ်လောက် ချမ်းသာ ချမ်းသာ. . . အသားကမည်း၊ ဗိုက်ကရွဲ၊ ပါးစပ်ကပြဲ၊ နှုတ်ခမ်းကရွဲ. . .ဆိုရင် မျက်နှာချင်းဆိုင်ပြီး စကားမပြောချင်ပါဘူး". . .တဲ့ ။

"တော်ပါသေးရဲ့ . . .အမေက အသားဖြူဖြူ မွေးပေးလိုက်ပေလို့ "

ဒက်ဒီ ရယ်စရာလို ပြောပေမဲ့၊ ဒက်ဒီက အသားဖြူရုံတင် မကပါ။ ချောချောခန့်ခန့်ကြီး လည်း ဖြစ်ပါသေးသည် ။ အလှကြိုက်သော မာမီ ကလည်း အသက်သာ ငါးဆယ်ကျော်. . . လေးဆယ် ကျော်ရုံကလေးဟု ပြောလျှင်တောင် ရပါသည် ။ မာမီဝတ်သည့် နှစ်သောင်းတန် ဘလော က်စ် Pink တံဆိပ် အင်္ကျီလေးတွေမှ ဇာပေါက်နုနုလေးများ ဟာ မာမီ့အ သားရောင်နှင့် လိုက်ဖက်လွန်းလှပါ သည် ။ မာမီသည် ရှိရင်းအသက်ထ က် ဆယ်နှစ်စာလောက်ကို နုပျိုသည် မို့ ကိုကိုနှင့်ဆို. . . သားအမိ ဆိုခြင်းထက်၊ မောင်နှမလားဟု ပင် မေးနိုင်ရလောက်ပါသည် ။

"သားက ဒီအရွယ်လား။ မထင်ရဘူးနော်၊ အမေနဲ့ က မောင်နှမလိုပဲ "

အဲသည် လိုပြောလျှင် မာမီက ရှက်ကိုးရှက်ကန်း ပြုံးတတ်၏။ ရှက်ကိုးရှက်ကန်း အပြုံးလေး ဟာ လှပလွန်းအောင် မာမီမို့ ပြုံးတတ်လေခြင်း. . .ရယ်လို့ ငယ် လိုက်အတုခိုးကြည့်၊ ပြုံးကြည့်ဖူးပါ တယ်။ မာမီ့ကို တော့ မီမည်မထင်ပါ။ တကယ်တမ်းဆို. . . ငယ်က ဘာတစ်ခုကိုမျှ ကြိုးစားဟန် ဆောင် ဖန်တီးတတ်သူ မဟုတ်သော အရိုးခံသက်သက်တည်း။

"အငယ်မ. . . ကြာပြီဆိုနော်"

"ဟုတ်ကဲ့ပါ မာမီ။ ပြီးပါပြီ"

ခေါက်ပြီးသွားသည့် ကိုကို့အင်္ကျီကို ခေါက်ရိုးမပျက်ကလေး. . . တစ်ချက်မွှေးကြူပြီးမှ ၊ သိမ်း ပေးဖို့ ကိုကို့အခန်းထဲသို့ ဝင်၏။

"မာမီ. . . ဒီည ထမင်းစားမလား၊ အသုပ်ကလေးပဲ စားမှာ လားဟင်
"

မာမီ့မှာ သွေးတိုးရောဂါ ရှိနေတာ ကြာပြီ။ ဆယ်နှစ်ဆိုလား။ ခုနောက်ပိုင်း ဆီးချိုပါ ဖြစ်လာ တာကကျတော့ တစ်နှစ်လောက်ရှိပြီ။ ဆီးချိုသမားတွေက ထမင်းကို တဝတပြဲ မစားရဘူးဆိုပဲ။ မာမီ သည် နံနက်စာထမင်းကို ပန်းကန်ထဲ. . .လုရုံလေးထည့်၍ စားသည် ။ ညစာဆိုလျှင် ထမင်းမစားဘဲ နေတာများ ၏။

"ကျောက်ပွင့်ရှိသေးလား"

"ဟုတ်ကဲ့. . . ရှိပါသေးတယ် မာမီ"

"ခြံထဲက သဘော်သီး နည်းနည်းစိမ်းစိမ်းတစ်လုံးလောက် ခူးလိုက်လို့ ရမလား"

"ဟုတ်ကဲ့. . . ရပါတယ် မာမီ"

"ပဲကြာဆံလေးနဲ့ ဂေါ်ဖီထုပ်လည်း နည်းနည်းထည့်ပြီး သုပ်လိုက်ပေ့ါ။ စိုစိုလေးဆိုတာက ဆီနဲ့ စိုချင်တာ ရေနဲ့ စိုချင်တာ မဟုတ်ဘူး နော်၊ ရေဆေးပြီးရင် ရေကို သေချာစစ်ထား၊ ဆီနဲ့ စိုမယ် ဆိုတာကလည်း ဆီချက်တွေရွှဲနေအောင်ထည့်ဖို့ ပြောတာ မဟုတ်ဘူး ၊ စေးစေးချွဲချွဲကြီး မဖြစ်အောင် ပဲမှုန့်လျှော့ထည့်ခိုင်းတာ"

"ဟုတ်ကဲ့ပါ မာမီ"

"ဒက်ဒီ့ဖို့ က. . . ဟင်းသီးဟင်းရွက် အစုံကြော်"

"အမဲသားမိုးခိုသားပေါင်းလည်း ရှိပါတယ် မာမီ"

"တောင်းဦးမှာ ပဲ. . . ဘဲကင်လည်း နည်းနည်းကြော်။ ချိုးစ်အတုံးကို ပါးပါးလှီး။ ပုစွန်တုပ် ကို အခွံခွာပြီးရင် ကိုယ်နဲ့ ခေါင်းကိုဖြုတ်လိုက်၊ ခေါင်းထဲက မကောင်းတာကို သေချာထုတ်နော်"

"ဟုတ်ကဲ့ပါ"

"ကိုယ်ထည်ကို အလယ်ကနေ ထက်ခြမ်းခြမ်း၊ အူကြောင်းလည်း ဖယ်ပြီးသားဖြစ်ရော"

"ဟုတ်ကဲ့ပါ"

"ပုစွန်တုပ်တစ်ကောင်ကို သုံးပိုင်းရမယ်။ ကိုယ်ကနှစ်ခြမ်း၊ ခေါင်းကတစ်ခု၊ အဲဒါကို တင်ပူရာနဲ့ နယ်ပြီးမှ ပြန်ကြော်။ ကိုကိုရော ညီညီပါ နှိုက်စားကြဦးမှာ သေချာတယ်။ ဆယ့်ငါးကောင် လောက်လုပ်လိုက်"

"ဟုတ်ကဲ့ပါ"

"မမကတော့. . .မနက်က ဆိတ်ကလီစာဟင်းကို ကြိုက်လို့ တဲ့ ။ အဲဒါပဲ ပြန်စားလိမ့်မယ်။ သီးစုံချဉ်ရည်လည်း ရှိတယ်မလား"

"ဟုတ်ကဲ့ပါ"

"ကိုကိုနဲ့ ညီညီအတွက် ဝက်အူချိုကို အရည်လေးစပ်စပ်ချက်၊ အဖြူထည်နော်။ စပ်စပ်ဆိုတာ ရေနည်းနည်းလေးကိုပြောတာ၊ ငရုတ်သီးစပ်တာကို ပြောတာ မဟုတ်ဘူး "

"နားလည်ပါတယ် မာမီ"

"အဲဒါ. . . ညည်းဒက်ဒီလည်း နှိုက်စားဦးမှာ ပဲ၊ ပိုပိုလေး ချက်လိုက်"

"ဟုတ်ကဲ့ပါ"

“မာမိဖို့ က ဘူးသီးဟင်းခါးလေးနဲ့ ”

“ဟုတ်ကဲ့ပါ”

“အေး. . . ရပြီ။ ဒီလောက်ပဲ”

မြတ်စွာဘုရား. . .ဟု သာ တလိုက်ချင်ပါတော့သည် ။ ဒီလောက်ပဲ. . .တဲ့ ။ ဒ့ါထက်ပိုပြီး ဘာ ဟင်းတွေများ ထပ်ဖြည့်ရဦးမှာ လဲ။ ညစာဆို. . . ကိုကိုရယ် မမရယ် ညီညီရယ်. . . ငယ်ရယ်သာ စားကြလျက်၊ မာမီက အသုပ်၊ ဒက်ဒီက ဟင်းပေါင်းစုံကို များများ စားလျက် ဝီစကီနှင့်သောက်ကာ ထမင်းမစားတော့ပါ။ ဟင်းတွေက ဗိုက်ထဲပြည့်လျက် ထမင်းထပ်မထည့်နိုင်တော့လောက်အောင်ကို၊ ဒက်ဒီ ဟင်းစားများ ပါသည် ။ အဲဒါတွေလားလုံး ငယ်. . .ချက်ပေရော့။

တစ်ခု. . . ကျေးဇူးတင်ရသည် က. . .(ငယ်သည် ဤအိမ်မှာ အိမ်မှုကိစ္စ အကုန်လုပ်ရပါသည် ။ ငယ့်အတွက် အကူတပည့်ပဲ ဆိုပါတော့. . . ငယ်နှင့် မတိမ်းမယိမ်း မိန်းကလေးနှစ်ယောက် ရှိပါ သည် ။ အဓိက တာဝန်ယူရသူကတော့ ငယ်ပါပဲ။) ငယ်သည် မိသားစုနှင့် တစ်ဝိုင်းတည်း ထမင်း ဝင်စားခွင့် ရခြင်းပင်။ ငယ့်တပည့် အကူကောင်မလေးနှစ်ယောက်လို မီးဖိုထဲမှာ မစားရပါ။ ဘာကြောင့်ဆို. . .

ငယ်က မွေးစားသမီးဆိုပဲ။

***

“ကိုကို ပြန် လာပြီ”

ကားသံကြားရုံနှင့်. . . ငယ် လွှင့်ခနဲ ပျော်၏။

အိမ်ပေါက်ဝမှ ဆီးကြိုကာ ကိုကို့လက်ထဲမှ အိတ်ကိုလှမ်းယူရင်း ကိုကို့နောက်မှ လိုက်ခဲ့၏။ ကိုကိုက ဘယ်တော့မဆို၊ ဘောင်းဘီကိုသာ ဝ

တ်လေ့ရှိသူ၊ အိမ်မှာ သာ ပုဆိုးဝတ်သည် မို့ ပထမဆုံး ကိုကို့အတွက် ပုဆိုးထုတ်ပေးရသည် ။ ကိုကိုက ဘောင်းဘီနှင့် ပုဆိုး လဲပြီးသွားမှ ကိုကိုနှင့် မျက်နှာ ချင်းဆိုင် သွားရပ်ကာ ကိုကို့ရှပ်အင်္ကျီမှ ကြယ်သီးတွေကို ဖြုတ်ပေးရင်း၊ ကိုကို့ ကိုယ်သင်းနံ့ အီအီ လေးကို ခိုး၍ ရှူရှိုက်ရ၏။ ကိုကိုသုံးလေ့ရှိသော(ကိုကိုက ယောကျ်ားပေမဲ့ ရေမွှေးသုံးပါသည် ) For Men ယောကျ်ားတွေအတွက်ဆိုသော ရေမွှေးက တစ်ပုလင်းကို ရှစ်သောင်းကျော်ဆိုပဲ။

ဒီအနံ့ကို. . . ကိုကို့ တစ်ယောက်တည်းဆီမှ သာ ရဖူးသည် ။ သင်းသည် ဆိုရုံ၊ အနံ့ဖျော့ဖျော့ လေး အီအီကြိုင်ကြိုင်လေးလည်း ဖြစ်နေပါသေးသည် ။ ရေမွှေးကိုတော့ ကိုကိုက သူ့ဘာသာဆွတ်ပြီး သူ့ဗီရို(တစ်ဦးတည်းကိုင်သော ဗီရိုဖြစ်၍ ငယ်ကိုင်ခွင့်ရသော အဝတ်ဗီရိုက သတ်သတ်ရှိပါသည် ) ထဲ သူ့ဘာသာ ထည့်သိမ်း၏။

“ဒီဗီရိုကို ဘယ်တော့မှ မဖွင့်နဲ့ ၊ ရှင်းပေးဖို့ လည်း မလိုဘူး၊ ဘာမှ ရှုပ်ရှုပ်ထွေးထွေးလည်း မရှိဘူး၊ ငါ အမြတ်တနိုးထားတဲ့ ပစ္စည်းလေး နည်းနည်းပါးပါးပဲ၊ ခြေရာလက်ရာပျက်မယ်။ မကိုင် နဲ့ ”. . .ဟု တင်းကျပ်စွာ တားမြစ်ထားသည် မို့ ကိုကိုဆွတ်သော ရေမွှေးပုလင်း၏ အမည်ကို ဖတ်ခွင့် မရပါ။

ကိုကိုနှင့် နီးကပ်စွာ တည်ရှိနေသည့်အဖြစ်မှာ ရင်တွေ ဒိန်းဒိန်းခုန်လျက် ခြေဖျားလက်ဖျား ပင် အေးစက်ရပါသည် ။ ကိုကိုကတော့ အေးဆေးပါပဲ။

“ကိုကို တစ်ခုခုသောက်နှင့်မလားဟင်”

“စပျစ်သီးဖျော်ရည် ရမလား”

“သိပ်ရတာပေါ့ ကိုကိုရယ်”

ငယ်ကဖြင့် တရင်းတနှီး ပြောလိုက်ရတာ အမောတကောပါ။ ကိုကို ကတော့ ခပ်တည်တည်ပါ ပဲ။ ကိုကို ဒီလိုတည်တာ ဟိုတုန်းကတည်းက ဆိုပေမဲ့၊ ဒီနောက်ပိုင်းမှာ ပိုများ တည်သွားလေရော့ သလား။ ငယ့်ကို စိတ်ဆိုး စိတ်ကွက်သည် ထင်ပါရဲ့ ။ ငယ်ဖျော်ပေးသည့် စပျစ်သီးဖျော်ရည်အတွက် စပျစ်သီးက မာမီကိုယ်တိုင် စီတီးမာ့တ်တွေမှာ သွားဝယ်ထားသည့် အလုံးကြီးကြီးတွေ၊ ချိုမှ ချို။ အဲဒါတွေကို အစေ့ဖယ်၊ Blender နှင့်မွှေ၊ သကြားထပ်ထည့်စရာမလိုအောင် ချိုပြီးသားမှာ သံပရာ သီး၏ အခွံထဲမှ အရည်လေးတွေကိုတော့ ညှစ်ထည့်ပေးလိုက်ရသည် ။

"ကိုကို ဒီနေ့ ပင်ပန်းလားဟင်"

ကိုကိုက ခပ်ငုံ့ငုံ့ကြည့်၏။ "အပိုတွေ . . . မေးစရာလား". . .ဟု မပြောရုံတမယ်။ ဝါကျထွက် မလာချေ။

"ကိုကိုကြိုက်တဲ့ အူနုကို အရည်လေးစပ်စပ် ချက်ထားတယ်"

ကိုကိုက ကုလားထိုင်မှာ သွားထိုင်သည် ။ ငယ်က ကိုကို့ရှပ်အင်္ကျီတို့ ဘောင်းဘီတို့ ကို ချိတ် နှင့်ပြန်ချိတ်ရင်း နှုတ်ဖျားမှ လည်း တတွတ်တွတ် ပြောနေ၏။

"ဒက်ဒီ့အမြည်းတွေထဲကလည်း နှိုက်စားလို့ ကောင်းတာတွေ ပါတယ် ကိုကိုရဲ့ မပြောသေးဘူး၊ ဆပ်ပရိုက်စ်၊ ဆပ်ပရိုက်စ် (Suprise)၊ ကိုကိုကြိုက်မှာ ။ ကိုကို ရေချိုးရင် ရေကို သေချာစပ် ဦးနော်။ ကိုကိုမို့ ဘုံပိုင်လှည့်ရင် အချိုးမကျတတ်လွန်းလို့ . . ."

"ပူလွန်းလိုက်၊ အေးသွားလိုက်နဲ့ အအေးမိမှာ လည်း စိုးတယ်။ အပူလောင်မှာ လည်း စိုးလို့ ။ ကိုကို အခုခဏလဲထားတဲ့ တီရှပ်ကို ပြန်မဝတ်နဲ့ နော် ကိုကို။ ကိုကို ဘာဝတ်ချင်လဲ။ ရှပ်အင်္ကျီ လက်တိုလား၊ စပို့ရှပ်

လား၊ ငယ် ဘာထုတ်ပေးထားခဲ့ရမလဲဟင်၊ ဩော်. . .ကိုကို၊ ခေါင်းလော င်း မချိုးနဲ့ တော့နော်၊ ညနေစောင်းနေပြီ”

“ကဲ. . . ဒီနေ့အဖို့ ရာမှာ စပျစ်သီးဖျော်ရည်က သောက်ရဦးမှာ လား”

“ဟုတ်ပါရဲ့ ကိုကိုရယ်. . . သွားပြီ။ သွားပြီ။ မနက်ဖြန်ကျရင် ပြန် လာခါနီးလေးမှာ ကပ်ဖျော် ထားမယ်၊ ကိုကိုက အချိန်မှန် ပြန်ခဲ့နော်”

ကိုကို့အခန်းထဲမှ ခုန်ပေါက်ထွက်လာရင်း နှုတ်ဖျားမှ သီချင်းဝါကျ ကို ညည်းမိပြန်သည် ။

ကိုကိုရေ. . . အဲသည် လောက်တောင် ချစ်ရသည် ။

“အငယ်မ. . . ငါ့ကိုလည်း တစ်ခွက်၊ နင် ဘာဖျော်ဖျော် ထည့်ဖျော်”

“ဟုတ်ကဲ့. . .ဟုတ်ကဲ့”

မမက ဘယ်တုံးက ပြန်ရောက်လာမှန်း မသိပါ။ ထမင်းစားခန်းဝမှ ပေါ်လာ၏။ ကိုကို့ အတွက်ဆိုလျှင် အကောင်းစားချည်း၊ အကောင်းဆုံးဖြစ်အောင် ဖျော်မည်ဆိုတာ သိထားပြီးသားမို့၊ မမက ကို ကို့နည်းတူဟု ပြောခြင်းပင်။

“နင့်ဘာသာဖျော်နော်။ ကောင်မလေးတွေကို မခိုင်းနဲ့ ”

ငယ်. . . လှစ်ခနဲ ပြုံးလိုက်တာကို၊ မမက သူခိုးလူမိပုံစံ လုပ်ပြရင်း မျက်စောင်းတစ်ချက်ထိုး ပြီးမှ ထွက်သွားပါသည် ။ ငယ်က ကိုကို့အတွ က်သာ ကိုယ်တိုင်ဖျော်လျက်၊ တခြားသူတွေအတွက် လည်း တစ်ပြိုင်တ ည်း ပြီးရမည်ဆိုလျှင် ကောင်မလေးတွေကို ကိုယ်စားလှယ်ခိုင်းတတ် တာကို မမ သိသည် ။ ငယ်က “ကိုကို”မှ “ကိုကို”ဖြစ်နေတာကို တစ်အိမ် သားလုံးက မျက်စိနောက်ပါသည် ။ တစ်အိမ်လုံးမှာ . . . ဟိုလူက အငယ် မ . . . ဒီလူက အငယ်မနင့်. . .။ ခိုင်းစရာ ကောင်မလေး နှစ်ယောက် ရှိပါ

ပြား၊ ဝေယျာဝစ္စ လက်တိုလက်တောင်းဆိုလည်း . . . အငယ်မ နာမည်ကိုပဲ ခေါ်ကြ သည် ။

ထမင်းဝိုင်းမှာ ငယ်. . . ငြိမ်ငြိမ် ထိုင်စားရသည် ဟူ၍ ပဲမရှိ။ တစ်ဝိုင်းတည်း စားခွင့်သာရ လျက်၊ အဲသည် လို တစ်ဝိုင်းတည်း စားခွင့်ရခြင်းဟာလည်း ငယ့်ကို လိုသမျှ ထလုပ်ပေးဖို့ အနားမှာ ရှိခွင့်ပေးခြင်းလို ဖြစ်နေသည် ။ ညစာမစားသော ဒက်ဒီက တီဗွီခန်းမှာ သူ့ဝိုင်းနှင့်သူ တစ်ဦးတည်း ကျင်းပနေသည် မို့ ဒက်ဒီမပါသော ညစာဝိုင်းမှာ ငယ့်ခမျာ ထမင်းဘယ်လိုဝင်သွားရမှန်းမသိ၊ ဟိုဟာ ယူပေးဦး၊ ဒီဟာယူပေးဦးနှင့်. . .။ ဗိုက်ထဲ ထမင်းက ဘယ်လောက်၊ ဟင်းက ဘယ်လောက်ရောက်မှန်းမသိ။ များ သောအားဖြင့်မှာ သိပ်မရောက်တော့ဘဲ၊ ည၌နက်သန်းခေါင်ကျမှ ဗိုက်ကြီးဆာ ပြီး (ညစာမှာ ဗိုက်ပြည့်အောင် မစားလိုက်ရသည် မို့) တစ်ရေးနိုးလာလျှင် ဗိုက်က အောင့်တောင် အောင့်ချင်၏။

အဲသည် အချိန်ကျမှ ရှာရှာဖွေဖွေ လုပ်စားနေရမှာ စိတ်မရှည်တော့သည့် ငယ်က သူ့အိပ်ခန်း ထဲမှာ ငှက်ပျောသီး တစ်ဖီးတော့ မပြတ်အောင် ထည့်ထားရပါသည် ။ တစ်ရေးနိုးမှာ ငှက်ပျောသီး တစ်လုံးစား၊ တစ်ခါတလေလည်း နှစ်လုံးစား၊ ပြီးလျှင် ရေသောက်၊ ပြန်အိပ်၊ ပျော်သည့်အခါလည်း ရှိ၊ မပျော်သည့် အခါလည်း ရှိ၊ တစ်ရေးနိုးကြီး မျက်စိကြောင်ကာ ပြန်အိပ်မရလျှင် ကိုကို့အခန်းဆီ သွားချောင်းကြည့်ရသေးသည် ။ နှစ်ခြိုက်စွာ အိပ်ပျော်နေသည့် ကိုကိုက အရမ်းကိုချစ်ဖို့ ကောင်းပါ သည် ။ ကိုကို အိပ်မပျော်ခင်ကလေးကမှ (ညတိုင်း ဝတ္တရားမပျက် ပြုမူနေကျ) ကိုကို့ကို အခန်းထဲ ဝင်ကန်တော့ခဲ့ပြီးပေမဲ့ ကိုကို့ကို လွမ်းနေရသေးသည့် ကိုယ့်အဖြစ်သည်းသည်းကိုလည်း ကိုယ့် ဘာသာ ရယ်ချင်ပါသည် ။

ကိုကို့အခန်းထဲ ခြေကလေးဖော့ဝင်. . . ကိုကိုချမ်းမည်ထင်လျှင် စော

င်ကလေးခြုံပေး၊ ကိုကို နိုးသွားမှာ လည်း စိုးရသေးသည် ။ စောင်ခြုံလေးပေါ်မှာ ပဲ. . . ကိုကို့ ခြေဖျားလေးနားဆီ မှန်းလျက် ငုံ့မွှေးကာ(ဖွဖွလေး) တိတ်တဆိတ်လေး ပြန်ထွက်လာရင်းလည်း . . .သီချင်းဝါကျလေးတစ်ကြောင်း ကိုသာ အသံတိတ် ညည်းမိပါသေးသည် ။

ကိုကိုရေ. . . အဲသည် လောက်တောင် ချစ်ရသည် ။

တကယ်တော့. . . ငယ် ဆိုသည့် မိန်းမသားဟာ ကိုကို့ပါးပြင်ကို မွှေးရှိုက်ခွင့်ရှိသူပါ။ ကိုကို့ ရင်ခွင်ထဲသို့ဝင်လျက် ကိုကို့ခါးကို ကျစ်ကျစ်ဖက်ခွင့်ရှိသူပါ။ ဘာလို့ ဆို. . .ဘာလို့ ဆို. . . ငယ်ဟာ၊ ငယ်ဟာ. . .ကိုကို့ဇနီးမို့ပါပဲ။ ဒက်ဒီနှင့် မာမီတို့ ၏ မွေးစားသမီး၊ ကိုကိုနှင့် ရုံးတက်လက်မှတ်ထိုးကာ တရားဝင် လက်ထပ်ခွင့်ကို ဒက်ဒီဦးဆောင်ခွင့်ပြုလျက်. . .

မင်္ဂလာဆောင်ခြင်း၊ သတင်းစာထဲ ကြော်ငြာထည့်ခြင်းတို့ ကို မာမီက. . .မလိုအပ်. . .ဟု တင်းကျပ်စွာ တားမြစ်ပြီး ဒက်ဒီ့ကို ငိုယိုရန်တွေ့ခြင်းဖြင့် အနိုင်ယူလိုက်ပေမဲ့. . . အိမ်သို့ ဧည့်သည် တွေ ဘာတွေ လာလျှင်တော့၊ လှတပတလေးလည်း ဖြစ်၊ ဝတ်ကောင်းစားလှလေးလည်း ဆင်မြန်း ထားသည့် ငယ့်ကို၊ ဘယ်သူဘယ်ဝါမှန်း မသိသေးသူတွေက. . .

“သူလေးက. . .”ဟု မေးလျှင်. . .

“ခပ်ငယ်ငယ်ကတည်းက မွေးစားခဲ့လို့ မွေးစားသမီးလည်း ဟုတ်တယ်”ဟု ပြောဖော်ရသေး သည် ကိုပင် ငယ်က ကျေးဇူးအထူး. . .အထူးတင်ရလှပါပြီ။

ကိုကိုရေ. . . အဲသည် လောက်တောင် ချစ်ရသည် ။

*